# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
## (၂၀၁၁ ခုနှစ်၊ မတ်လ ၇ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် (၄၃၃)ဦး ရှိတဲ့အနက် (၄၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၉.၇၇) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နဲ့(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဥ်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇ ။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း၊ လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၈ ။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၄၃၃)ဦး ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ( ၁ )ဦး၊ ယနေ့ခွင့်ပန်ကြားသူ မရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၁)ဦး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃နဲ့ ၆၇ တို့အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို (၁၅)ဦးထက် မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းရမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၇၁ မှာ ''ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးခဲ့တဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ-မရှိ စိစစ်ပြီး လွှတ်တော်သို့ တင်ပြရမည်'' ဟု ပြဋ္ဌာန်း သတ်မှတ်ထားကြောင်း တွေ့ရှိရပါတယ်။ ဒီသတ်မှတ်ချက် အရ ကော်မတီသည် ပြည်သူ့လွှတ်တော်မှာ ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်အပေါ် ဖြေကြားတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ဆိုတဲ့ စကား၊ ကတိ၊ အာမခံချက်များကို မှတ်တမ်းတင်ထားပြီးတော့ တာဝန်ယူ ဆောင်ရွက်မှု အခြေအနေများကို စိစစ်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာများနှင့်စပ်လျဥ်းပြီး ကတိပြုထားတဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များလည်း အကျုံးဝင် သက်ဆိုင်မှာ ဖြစ်ပါတယ်။ ဒီလို လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဥ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ အရ ကော်မတီရဲ့အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် အစိုးရ၏ အာမခံချက်များ ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၅) ဦးနဲ့ ဖွဲ့စည်းရန် လျာထားပါတယ်။ ကော်မတီဝင်များရဲ့ သက်တမ်း တစ်နှစ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီး၊ လိုအပ်ပါက သင့်လျော်သလို လဲလှယ် အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်က သတ်မှတ်ပေးမယ့် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များကို စိစစ်မယ့် စိစစ်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်ရဲ့ ရပိုင်ခွင့် အခွင့်အရေးများနဲ့ စပ်လျဥ်းပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဥ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇ နဲ့ ၆၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းမယ့် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နဲ့ ကော်မတီဝင်တို့ရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးများနဲ့ စပ်လျဉ်းပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီရဲ့ တာဝန်များမှာ**

ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖြေကြားသော မေးခွန်း များနှင့်စပ်လျဉ်း၍လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ်ရမည်။

ကော်မတီသည်ပြည်သူ့လွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ ၊မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည် -

(က) ပြည်ထောင်စုအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စု အစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင်၊ ထိုသို့ ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးခြင်း ရှိ ၊မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ ၊မရှိ။

အထက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ ၊မရှိ စိစစ် နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

သာမန်အားဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့် ရှိရမည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များ အား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်း များနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များကတော့ -**

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

ကော်မတီသည်-

(က) ပြည်သူ့လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာ တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(ခ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း တင်ပြရမည်။

(ဂ) ယင်းသို့ တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက် များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များမပြုလုပ်ရ။

( င ) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

ကော်မတီဝင်များသည် -

(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည် ။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများအနေနဲ့ကတော့ -**

ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည် -

(က) ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍

ဖော်ပြထားပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

# အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေး ခေတ္တရပ်နားခြင်း

**အချိန်၊ ၁၀း၂၃ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းမှု၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ယခုအစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာ ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများကို ကြေညာပါ့မယ်။

| | | |
|---|---|---|
| (၁) | ဦးစိုင်းစောတင် | မိုင်းယောင်း မဲဆန္ဒနယ် |
| (၂) | ဦးရှိန်ကျော်ဝင်း | ဆိပ်ဖြူ မဲဆန္ဒနယ် |
| (၃) | ဒေါ်ခင်စောဝေ | ရသေ့တောင် မဲဆန္ဒနယ် |
| (၄) | ဦးစောနေကော်ကြီး | သံတောင်ကြီး မဲဆန္ဒနယ် |
| (၅) | ဦးဝင်းစိန် | ကဝ မဲဆန္ဒနယ် |
| (၆) | ဦးသန်းမြင့် | ဆားလင်းကြီး မဲဆန္ဒနယ် |
| (၇) | ဒေါ်စုစုလှိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် |
| (၈) | ဒေါက်တာမောင်မောင်ဝင့် | ဇဟန်း မဲဆန္ဒနယ် |
| (၉) | ဦးကိုကိုလွင် | မော်ကျွန်း မဲဆန္ဒနယ် |
| (၁၀) | ဦးမြင့်ထွန်း | ကော့သောင်း မဲဆန္ဒနယ် |
| (၁၁) | ဦးသန်းထွန်း | ဒီပဲယင်းမဲဆန္ဒနယ် |
| (၁၂) | ဦးအောင်စိန် | မာန်အောင်မဲဆန္ဒနယ် |
| (၁၃) | ဦးဌေးဝင်း | လယ်ဝေးမဲဆန္ဒနယ် |
| (၁၄) | ဦးဝင်းသန်း | သာပေါင်းမဲဆန္ဒနယ် |
| (၁၅) | ဦးအေးမောက် | မလှိုင်မဲဆန္ဒနယ် |

အမည်စာရင်းမှာပါတဲ့ ကိုယ်စားလှယ်များဟာ အပေါ်ထပ်မှာရှိတဲ့ ဥက္ကဋ္ဌရဲ့ ရုံးခန်းမှာစုဝေးပါမယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ ပါတီအသီးသီးက ကိုယ်စားလှယ် နှစ်ဦးစီ ဟာလည်း ဥက္ကဋ္ဌရဲ့ ရုံးခန်းအနီးမှာ စုဝေးပါမယ်။ ယခု အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်မယ့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန်အတွက် လွှတ်တော်အစည်းအဝေး ကို မိနစ်(၃၀)ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခင်နေ့များက ဖွဲ့စည်းထားပြီး ဖြစ်တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီနဲ့ လွှတ်တော်အခွင့်အရေး ကော်မတီ၊ ကော်မတီဝင်များအားလုံး ဓာတ်ပုံမှတ်တမ်းတင်နိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌ ရုံးခန်း ရှိတဲ့ ဒုတိယထပ်သို့ နောက်ထပ် ၁၅ မိနစ်ခန့်အကြာမှာ လာရောက်စုဝေးကြဖို့ ပန်ကြားတင်ပြအပ်ပါ တယ်။ အစည်းအဝေးပြန်လည် မစတင်မီ လူခေါ် ခေါင်းလောင်းအသံရှည်တီးချိန်မှာ အစည်းအဝေး ခန်းမအတွင်း ပြန်လည်နေရာယူကြရန် ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား ။

**အချိန်၊ ၁၁း၁၇ ။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီး ကြွရောက်လာပါပြီခင်ဗျား ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နဲ့ ၆၇ တို့အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို (၁၅)ဦးထက် မပိုသော လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏အာမခံချက်များ ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးစိုင်းစောတင် | မိုင်းယောင်း မဲဆန္ဒနယ် |
| (၂) | ဦးရှိန်ကျော်ဝင်း | ဆိပ်ဖြူ မဲဆန္ဒနယ် |
| (၃) | ဒေါ်ခင်စောဝေ | ရသေ့တောင် မဲဆန္ဒနယ် |
| (၄) | ဦးစောနေကော်ကြီး | သံတောင်ကြီး မဲဆန္ဒနယ် |
| (၅) | ဦးဝင်းစိန် | ကဝ မဲဆန္ဒနယ် |
| (၆) | ဦးသန်းမြင့် | ဆားလင်းကြီး မဲဆန္ဒနယ် |
| (၇) | ဒေါ်စုစုလှိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် |
| (၈) | ဒေါက်တာမောင်မောင်ဝင့် | ဗဟန်း မဲဆန္ဒနယ် |
| (၉) | ဦးကိုကိုလွင် | မော်ကျွန်း မဲဆန္ဒနယ် |
| (၁၀) | ဦးမြင့်ထွန်း | ကော့သောင်း မဲဆန္ဒနယ် |
| (၁၁) | ဦးသန်းထွန်း | ဒီပဲယင်းမဲဆန္ဒနယ် |
| (၁၂) | ဦးအောင်စိန် | မာန်အောင်မဲဆန္ဒနယ် |
| (၁၃) | ဦးဌေးဝင်း | လယ်ဝေးမဲဆန္ဒနယ် |
| (၁၄) | ဦးဝင်းသန်း | သာပေါင်းမဲဆန္ဒနယ် |
| (၁၅) | ဦးအေးမောက် | မလှိုင်မဲဆန္ဒနယ် တို့ဖြစ်ကြပါတယ်။ |

**အချိန်၊ ၁၁ း ၂၃။**

**ဥက္ကဋ္ဌ။** ။အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ကဝ မဲဆန္ဒနယ်မှ ဦးဝင်းစိန်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရန် တင်ပြချက်ကို လည်းကောင်း ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ တာဝန် ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ကဝ မဲဆန္ဒနယ် မှ ဦးဝင်းစိန်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

(၁) ဦးစိုင်းစောတင်
(၂) ဦးရှိန်ကျော်ဝင်း
(၃) ဒေါ်ခင်စောဝေ
(၄) ဦးစောနေကော်ကြီး
(၅) ဒေါ်စုစုလှိုင်
(၆) ဒေါက်တာမောင်မောင်ဝင့်
(၇) ဦးကိုကိုလွင်
(၈) ဦးမြင့်ထွန်း
(၉) ဦးသန်းထွန်း
(၁၀) ဦးအောင်စိန်
(၁၁) ဦးဌေးဝင်း

(၁၂) ဦးဝင်းသန်း

(၁၃) ဦးအေးမောက် တို့နဲ့ လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်အနေနဲ့ ကော်မတီ လေးရပ် ဖွဲ့စည်းပြီးနောက် ဆက်လက် ဆောင်ရွက်မယ့် ကိစ္စများ ရှိပါတယ်။ အားလုံးသိပြီး၊ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဥပဒေများနှင့် အညီ ဥပဒေကြမ်း ကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းလို့ပြီးပါပြီ။ လွှတ်တော်အနေနဲ့လည်း လိုအပ်လာလျှင် ကော်မရှင်များ၊ အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ခွင့် ရှိကြောင်းနှင့် ကော်မတီများ၊ ကော်မရှင်များ၊ အဖွဲ့များသည်လည်း ပြည်ထောင်စုအဆင့်ရှိကြကြောင်း အားလုံးသိပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့အစည်းများအတွက် တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း သတ်မှတ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ကော်မတီများဟာ လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်တာဝန်ပေးပြီး လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပြီး ဖြစ်ကြောင်းကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကော်မတီများအနေနဲ့ လွှတ်တော် ကျင်းပချိန်မှာ ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပြီး၊ လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် ဥက္ကဋ္ဌအား တာဝန်ခံရမှာ ဖြစ်ကြောင်း သိရှိကြပြီးလည်း ဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့ နိုင်ငံတော်ရဲ့ အဆင့်အမြင့်ဆုံး အာဏာပိုင်အဖွဲ့လည်း ဖြစ်ပါတယ်။ ဤလွှတ်တော်များမှာပင် နိုင်ငံတော်အား စီမံအုပ်ချုပ်ရန် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကလည်း အစိုးရအဖွဲ့၊ တရားစီရင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးများအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရွေးချယ်တင်မြှောက်ရေးကော်မရှင်နဲ့ အခြား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။

လွှတ်တော်များက လွှတ်တော်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေသလို အစိုးရအဖွဲ့ကလည်း သက်ဆိုင်ရာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြတော့မှာ ဖြစ်ပါတယ်။ လွှတ်တော်သည် ဥပဒေပြုရန် အဓိကတာဝန်ရှိတာနှင့်အညီ ဥပဒေပြုရေးလုပ်ငန်းများတွင် ဆက်စပ်နေတဲ့ကိစ္စရပ်များကို ၂၀၁၁ခုနှစ်၊ မတ်လ(၉)ရက်နေ့မှ စတင်ပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ထိုသို့ ဆောင်ရွက်ရာမှာ ကိုယ်စားလှယ်ကြီးများအနေဖြင့် တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများကို စနစ်တကျ စည်းကမ်းရှိရှိ ဆောင်ရွက်သွားကြမယ်လို့ မျှော်လင့်ပါတယ်၊ ယုံကြည်ပါတယ်။

မိမိတို့ရွေးကောက်ပွဲ ဝင်ခဲ့စဥ်က သက်ဆိုင်ရာနယ်မြေတွေမှာ ကတိကဝတ်များ ပေးခဲ့တာတွေ ရှိပါလိမ့်မယ်။ အဲဒီအတွင်းမှာ၊ အဲဒီအချိန်မှာ ၊ ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို လွှတ်တော်မှတစ်ဆင့် အစိုးရအဖွဲ့အစည်းများနှင့် ပြည်ထောင်စု အဖွဲ့အစည်းများသို့ မေးခွန်းများ မေးမြန်းမယ်၊ အဆိုများတင်သွင်းမယ်၊ အခွင့်အရေးများတောင်းခံမယ်၊ ဥပဒေကြမ်းများ တင်သွင်းပေးမယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ ကတိစကားမျိုးတွေလည်း ရှိကောင်းရှိကြမှာပါ။

လွှတ်တော်အတွင်းမှာ မေးတာတွေ၊ ဖြေတာတွေ၊ အဆိုတင်သွင်းတာတွေ၊ ဆွေးနွေးတာတွေ၊ ဥပဒေကြမ်းတင်သွင်း ဆွေးနွေးတာတွေဟာ ပြည်သူ့ကိုယ်စားလှယ်များပီပီ အဆင့်အတန်းရှိရှိ၊ ဂုဏ်သိက္ခာရှိရှိဖြင့် နိုင်ငံတော်အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားများအတွက် ဖြစ်ပေါ်လာနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

မိမိတို့ လွှတ်တော်အတွင်းမှာ မကြာခဏ မိမိတို့ ပြောဆိုခဲ့ကြတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ မထားရှိဘဲ နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုး၊ အများပြည်သူရဲ့ အကျိုးစီးပွား ဖြစ်ထွန်းရေး ရှေးရှုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ဒီလို ဆောင်ရွက်နိုင်ဖို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဌမနေ့ အစီအစဥ်အတွက် လျာထားချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ထိုနေ့မှာ သက်ဆိုင်ရာ မေးမြန်းထားသူများ၊ အဆိုပြုထားသူများက လွှတ်တော် ဥက္ကဋ္ဌ မကြာသေးခင်က တင်ပြဆွေးနွေးသလို ဆောင်ရွက်သွားကြဖို့နဲ့ သက်ဆိုင်ရာတာဝန်ရှိ ဖြေကြားမယ့်သူများကလည်း လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားချက်များကို နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုး၊အများပြည်သူအကျိုးအတွက် မေးမြန်းထားသည်လို့ခံယူပြီး စိတ်ရှည်လက်ရှည်နဲ့ ရှင်းလင်း တင်ပြသွားရန် လိုပါကြောင်း ပြောကြားရင်းနဲ့ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ရပ်နားခြင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း ၃၃။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့အဖြစ် ၂၀၁၁ ခုနှစ်၊ မတ်လ (၉)ရက် ၊ ဗုဒ္ဓဟူးနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး အစည်းအဝေး ခန်းမ အတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးပဉ္စမနေ့ကို ၁၁း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]